September 13, 2024 Volume 82, Number 10

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

**၁၃.၉.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၉.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၇.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၀၅၄ ကျပ် |

## ငါးသလောက်နှင့်ငါးမုတ်များ ယခင်နှစ်ထက်ဈေးပိုရ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်သည် ပင်လယ်ပြင်နှင့်အနီးစပ်ဆုံးသောမြို့ဖြစ်သည်။ ပင်လယ်နှင့် အနီးစပ်ဆုံးဖြစ်သည်နှင့်အညီ ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းပြုကြသည်။ ယခုလရာသီသည် ငါးဖမ်းရာသီဖြစ်၍ ငါးဖမ်းသည့်စက်လှေများ၊ ဝါးဖောင်များ ရက်ခြားဆိုသလို အဝင်အထွက်ရှိကြသည်။ အရအမိများသော ငါးများမှာ ငါးသလောက်နှင့်ငါးမုတ်ဖြစ်ပြီး အခြားငါးမျိုးစုံလည်း ရရှိကြသည်။

ငါးသလောက်ဈေးနှုန်းများမှာ ၁၅၀၀ ဂရမ်အထက် ၁၀၀,၀၀၀ ကျပ်၊ ၁၂၀၀ ဂရမ်အထက် ၆၄,၀၀၀ ကျပ်၊ ၁၀၀၀ ဂရမ်အထက် ၅၄,၀၀၀ ကျပ်၊ ၅၀၀ ဂရမ်အထက် ၄၃,၀၀၀ ကျပ်၊ ၃၀၀ ဂရမ်အထက် ၂၆,၀၀၀ ကျပ်၊ ၂၀၀ ဂရမ်အထက် ၁၄၀၀၀ ကျပ်နှင့် ၂၀၀ ဂရမ်အောက် ၈၀၀၀ ကျပ် အသီးသီးရှိပြီး၊ ငါးမုတ်ဈေးနှုန်းများမှာ ၄၀၀ ဂရမ်အထက် ၇၆,၆၉၅ ကျပ်၊ ၃၀၀ ဂရမ်အထက် ၅၄,၆၉၅ ကျပ်၊ ၂၀၀ ဂရမ်အထက် ၃၄,၆၉၅ ကျပ်၊ ၁၀၀ ဂရမ် အထက် ၁၉,၉၅၀ ကျပ်၊ ၆၀ ဂရမ်အထက် ၆၀၀၀ ကျပ်ရှိသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ယခင်နှစ်ထက် ဈေးနှုန်းအနည်းငယ်မြင့်တက်မှုရှိသည်ဟု လုပ်ငန်းရှင်ထံမှသိရသည်။

**Source: DOCA(ဧရာဝတီ)**

https://www.doca.gov.mm/

## ဧည့်မထဆန်(မနောသုခ)(ဟောင်း)နှင့် ဖွဲနုဈေးများကျ၍ ဧည့်မထဆန်(မနောသုခ)(သစ်)၊ ဆန်ကွဲ B(1,2)နှင့် ဆန်ကွဲ B (2,3,4) ဈေးများမြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၃-၂၀၂၄ခုနှစ် စပါးစိုက်ပျိုးချိန်တွင် မိုးစပါးစိုက်ဧက ၂,၆၉၀,၈၅၈၊ နွေစပါးစိုက်ဧက ၃၃၆,၀၈၉၊ စုစုပေါင်းစိုက်ဧက ၃,၀၂၆,၉၄၇ စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်တင်း (၈၈ ဒသမ ၃၅) တင်းထွက်ရှိသည်။ စပါးဈေးကောင်း၍ တောင်သူများအကျိုးအမြတ်ရှိပြီး ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၅.၉.၂၀၂၄ ရက်တွင် ဧည့်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၉၀,၀၀၀ ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်) တစ်အိတ် ၇၂,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၀,၀၀၀

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ် ၅၇,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၅၂,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၈,၉၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ၁၂.၉.၂၀၂၄ ရက်တွင် ညှော့်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၈၈,၀၀၀ ကျပ်၊ ညှော့်မထဆန်(မနောသုခ)(သစ်) တစ် အိတ် ၇၃,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ် ၆၃,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၆၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၈,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ပေါ်ဆန်းမွှေးဆန်ဈေးမှာ အတက်အကျမရှိဘဲ ဈေးတည်ငြိမ်လျက်ရှိကာ ညှော့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၂၀၀၀ ကျပ်၊ ဖွဲနုတစ်အိတ် ၉၀၀ ကျပ် ဈေးကျဆင်းခဲ့ပြီး ညှော့်မထဆန် (မနောသုခ)(သစ်) တစ်အိတ် ၁၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2)တစ်အိတ် ၆၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၈၀၀၀ ကျပ် ဈေးမြင့်တက်ခဲ့သည်။ ညှော့်မထဆန်(မနောသုခ)(ဟောင်း)နှင့်ဖွဲနုဈေးကျဆင်းသွားခြင်းမှာ ကုန်ကြွမ်းများပြားလျက်ရှိနေပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားပြီး ညှော့်မထဆန် (မနောသုခ) (သစ်)၊ ဆန်ကွဲ B(1,2)နှင့် ဆန်ကွဲ B (2,3,4) ဈေးမြင့်တက်လာခြင်းမှာ အဝယ်လိုက်လာ၍ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဌထံမှ သိရသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြည်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။ ယခုလက်ရှိ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များက အဝယ်ပြန်လိုက်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများကလည်း မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

“အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကြက်သွန်နီလက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းရှင်တွေက အဝယ်တော်တော်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေးပြန်ပြီး ကောင်းနေပါတယ်” ဟု ဒေါ်မေသဲဆွေကပြောသည်။ မန္တလေးဈေးကွက်အတွင်း **ယနေ့ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ထိ** ပေါက်ဈေးရှိကြောင်းသိရသည်။ “အခုမန္တလေးဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်”ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြသည်။ မန္တလေးဈေးကွက်အတွင်း ပခုက္ကူ၊ မြင်းခြံ၊ ပျော်ဘွယ်နှင့်တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အများဆုံးဝင်ရောက်လျက်ရှိကြောင်း၊ ယခုလတ်တလော မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ဝယ်ယူနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်တွင်း ပဲဖတ်၊ နှမ်းဖတ်၊ နေကြာနဲ့မုန်ညင်းဖတ်ဈေးတွေ မြင့်တက်လာ



ပြည်ပမှ ပဲပုပ်တင်သွင်းခွင့် ကန့်သတ်လိုက်ပြီးနောက် ပြည်တွင်း ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နှင့်မုန့်ညင်းဖတ်ဈေးများ မြင့်တက်လာကြောင်း သိရသည်။

နိုင်ငံခြားငွေသုံးစွဲမှုများကို စိစစ်ကန့်သတ်ချက်များကြောင့် အရေးကြီးကုန်စည်များမှအပ ကျန်သွင်းကုန်များကို နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချနိုင်ရန် တင်သွင်းမှုများကို ဇဟိုဘဏ်က စိစစ်ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

ယခု စက်တင်ဘာလဆန်းပိုင်းမှာ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နဲ့ မုန်ညင်းဖတ်ဈေးနှုန်းတွေ မြင့်တက်လာပြီး ဈေးကောင်းရနေခြင်းဖြစ်သည်။

မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းသီးနှံတွေကို ဆီကြိတ်ရာမှထွက်ရှိတဲ့ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နဲ့ မုန်ညင်းဖတ်တွေကို မွေးမြူရေးအစာအဖြစ် ငါးမွေးမြူရေးလုပ်ကိုင်သူတွေနဲ့ မွေးမြူရေးအစာစပ်စက်ရုံတွေက ဝယ်ယူမှုရှိနေသည့်အတွက် ဈေးကွက်က မြင့်တက်ခြင်းဖြစ်သည်။

ဇူလိုင်လကုန်ပိုင်းကဖြစ်ပေါ်ခဲ့သည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နဲ့ မုန်ညင်းဖတ်ဈေးနဲ့ လက်ရှိစက်တင်ဘာလဆန်းပိုင်း ဈေးကွက်ယှဉ်ပါက အမျိုးအစားတစ်ခုချင်းအလိုက် တစ်ပိဿာကို ၈၀၀ ကျပ်မှ ၁၇၀၀ ကျပ်ကြား မြင့်တက်လာခြင်းဖြစ်သည်။

စက်တင်ဘာ ၉ ရက်တွင် ပဲဖတ် တစ်ပိဿာ ကျပ် ၅၈၀၀၊ နှမ်းဖတ် ၁ ပိဿာ ကျပ် ၃၉၅၀၊ နေကြာဖက် ၁ ပိဿာ ကျပ် ၃၀၅၀၊ မုန့်ညင်းဖတ် ၁ ပိဿာ ကျပ် ၃၀၅၀ အသီးသီးပေါက်ဈေးရှိကြောင်းသိရသည်။

လက်ရှိအချိန်တွင် မိုးရာသီစိုက်ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးထားသလို လာမည့်ဆောင်းစိုက်ရာသီတွင်လည်း မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါသီးနှံများကို သွင်းကုန်အစားထိုးနိုင်ရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချရန်ရည်ရွယ်ပြီး စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်းစားသုံးမှုနှင့် အီသနောထုတ်လုပ်မှုကို အရှိန်မြှင့်တင်ရန်ရည်ရွယ်၍ သကြားတင်ပို့ခွင့်ကို အိန္ဒိယဆက်လက်ပိတ်ပင်

ကြံထွက်ရှိမှုနည်းပါးမည်ဟု မျှော်မှန်းရသောကြောင့် အိန္ဒိယအစိုးရသည် သကြားတင်ပို့ခွင့်ကို ၂ နှစ် ဆက်တိုက်ပိတ်ပင်ရန် စီစဉ်ထားကြောင်းသိရသည်။ ဘိုင်အိုလောင်စာအတွက် ထောက်ပံ့မှုပေးနိုင်ရေးအရှိန်မြှင့်တင်ရန် အားထုတ်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ရေနံကုမ္ပဏီများက သကြားစက်များထံမှ အီသနောဝယ်ယူမှုများရှိနေကြောင်း သိရသည်။

ကမ္ဘာ့သကြား ဈေးကွက်တွင် အိန္ဒိယပါဝင်မှုသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့နိုင်စွမ်းကို ကျုံ့သွားစေပြီး အမေရိကန်နှင့် အင်္ဂလန်တို့တွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့အကြီးမားဆုံး သကြားထုတ်လုပ်သူ ဘရာဇီးသည် မိုးခေါင်မှုကြောင့် အထွက်နှုန်းကျဆင်းနိုင်သောအခါ အိန္ဒိယသည် သကြားစက်များအား တင်ပို့မှုပိတ်ပင်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ပြည်တွင်းသုံးစွဲရန် သကြားဖူလုံမှုရရှိပါက ၎င်းတို့၏ နောက်ထပ်ရည်မှန်းချက်သည် အီသနောထုတ်လုပ်ရန်ဖြစ်ကြောင်း အစိုးရသတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့ကြောင်းသိရသည်။ ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန်အတွက် အိန္ဒိယသည် Gasoline တွင် အီသနောပါဝင်မှုပမာဏကို ယခုတွင် ၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်း ကြားပါဝင်ရာမှ ၂၀၂၅-၂၀၂၆ တွင် ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ E.I.D.Parry Balrampur Chini Mills၊ Shree Renuka၊ Bajaj Hindustan နှင့် Dwarikesh Sugar အစရှိသည့် အိန္ဒိယဆန်စက်များသည် ၎င်းတို့၏ အီသနောထုတ်လုပ်

နိုင်စွမ်းကို လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ မြှင့်တင်ခဲ့ကြောင်း သိရသည်။ အစိုးရသည်လည်း အီသနောဝယ်ယူသည့်ဈေးနှုန်းကို ဈေးကွက်ရာသီအသစ်ဖြစ်သည့် နိုဝင်ဘာလမှစ၍ ၅ ရာခိုင်နှုန်းကျော် မြှင့်တင်ရန် စဉ်းစားလျက်ရှိကြောင်းသိရသည်။

လွန်ခဲ့သည့်လတွင် အစိုးရသည် နိုဝင်ဘာလမှစ၍ သကြားစက်များအား ကြံရည်နှင့်သကြားရည်များအား အီသနော ထုတ်လုပ်ရန်အတွက်သာ ခွင့်ပြုမည်ဟု အမိန့်ထုတ်ထားကြောင်း သိရသည်။ အိန္ဒိယအပြင် ကမ္ဘာ့အကြီးဆုံးသကြားထုတ်လုပ်သူ ဘရာဇီးလ်သည်လည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ သကြားစက်များအား သကြားတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သိရသည်။ နယူးဒေလီအစိုးရသည် လွန်ခဲ့သည့်ရာသီတွင် သကြားတန်ချိန် မက်ထရစ်တန် ၆ ဒသမ ၁ သန်းသာ တင်ပို့ခွင့် ပြုခဲ့ပြီး အဆိုပါပမာဏသည် ၂၀၂၁-၂၀၂၂ က တင်ပို့မှု၏ ထက်ဝက်သာလျှင်ရှိကြောင်း သိရသည်။

မွန်ဘိုင်းမြို့အခြေစိုက်ကုန်သည်တစ်ဦးက ဘရာဇီးနိုင်ငံမှ ထုတ်လုပ်မှုကျဆင်းရန် ခန့်မှန်းရသောကြောင့် ကမ္ဘာကြီးသည် ၂၀၂၅ ခုနှစ်တွင် အိန္ဒိယ၏တင်ပို့မှုများကိုလိုအပ်ကြောင်းနှင့် အိန္ဒိယ၏တင်ပို့မှုမရရှိပါက ကမ္ဘာ့သကြားဈေးနှုန်းများ ဆက်လက်မြင့်တက်လိမ့်မည်ဟု ပြောကြားခဲ့သည်။

**Source: Malay Mail**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ထိုင်းနိုင်ငံရှိ နေထိုင်မှုကုန်ကျစရိတ်များနှင့် သွင်းကုန်များနှင့်စပ်လျဥ်း၍ ဖြေရှင်းသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးအသစ် H.E Mr. Pichai Naripthaphan က ကတိပြုပြောကြားခဲ့

ထိုင်းနိုင်ငံအတွင်း၌ နေထိုင်မှုကုန်ကျစရိတ်များနှင့်စပ်လျဥ်း၍ ဖြေရှင်းရန်၊ လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်များ ဆွေးနွေးမှုများကို အရှိန်မြှင့်တင်ရန်နှင့် တရုတ်သွင်းကုန်များအပေါ် ပိုမိုတင်းတင်းကျပ်ကျပ်ထိန်းချုပ်မည့် အစီအမံများကို အရေးတကြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအသစ် H.E Mr. Pichai Naripthaphan က ကတိပြုပြောကြားခဲ့သည်။

နေထိုင်မှုကုန်ကျစရိတ်များ လျှော့ချပေးခြင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကိုထောက်ပံ့ပေးခြင်း၊ FTA များအသုံးပြုမှုကိုမြှင့်တင်ခြင်းနှင့် တန်ဖိုးနည်း၊ အရည်အသွေးနိမ့်ပါးသော သွင်းကုန်များကို ဖြေရှင်းခြင်းစသည့် ဝန်ကြီးဌာန မူဝါဒများကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် ကုန်စည်ကုန်ကျစရိတ်များကို ပြန်လည်သုံးသပ်ပြီး ပြည်သူများ၏ ဝန်ထုပ်ဝန်ပိုးဖြေလျှော့စေရန် ဈေးနှုန်းများလျှော့ချနိုင်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်သွင်းကုန်များနှင့်စပ်လျဥ်း၍ စိန်ခေါ်မှုများကို နားလည်သလိုရှိပြီးဖြစ်သော အစီအမံများကို ပြန်လည်ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊ လက်ရှိလုပ်ထုံးလုပ်နည်းများသည် မထိရောက်ပါက ထပ်ဆောင်းအစီအမံများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြားသော နိုင်ငံများနှင့် FTA များညှိနှိုင်းမှုကို အရှိန်မြှင့်တင်သွားမည်ဖြစ်ပြီး စာချုပ်များစွာသည် ထိုင်းနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာနိုင်ကြောင်း ဝန်ကြီးကဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ငှက်ပျောသီးသည် ထိုင်းတောင်သူများအတွက် ရွှေရောင်လက်မှတ်တစ်ခုဖြစ်နေ

ရွှေငှက်ပျောစိုက်ပျိုးလျက်ရှိသော ထိုင်းတောင်သူများက ဝယ်လိုအား များပြားလာခြင်းနှင့် လက်လီဈေးနှုန်းများသည်လည်း အမြင့်တွင်ရှိနေဆဲဖြစ်သဖြင့် ၎င်းတို့၏ လုပ်ငန်းများ တိုးတက်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

kluay hom thong ဟု ခေါ်သည့် လူကြိုက်များသော ရွှေငှက်ပျောဈေးနှုန်းသည် ယခင် ၁ ကီလိုဂရမ်လျှင် ၁၅ ဘတ်မှ ၃၀ ဘတ်သို့ နှစ်ဆမြင့်တက်သွားပါကြောင်း၊ မြင့်တက်ရခြင်းမှာ ယခင်နှစ် ဒုတိယနှစ်ဝက်မှစ၍ မိုးနည်းသွားခြင်းကြောင့် ဈေးကွက်အတွင်း ငှက်ပျောသီးထောက်ပံ့မှုကို လျော့နည်းသွားခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့် တောင်သူအုပ်စုများ၏ ဝင်ငွေသည် ၁၀၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါကြောင်း၊ Bang Kaew သည် ရွှေငှက်ပျောအတွက် ဗဟိုအချက်အချာ နေရာဖြစ်ကြောင်း၊ ယင်းဒေသရှိ မြေဆီလွှာသည် ရော်ဘာ၊ ဆန်နှင့်ဆီအုန်းတို့ထက် ငှက်ပျောစိုက်ပျိုးရန် သင့်လျော်ပါကြောင်း ရွှေငှက်ပျောနှင့် သစ်သီးဖူလုံရေးအဖွဲ့ခေါင်းဆောင် Mr. Somchai Nunual က ပြောကြားခဲ့သည်။

ယခုနှစ်တွင် hom thong စိုက်ပျိုးမှုသည် တန်ချိန် ၃၂,၀၀၀ ထက် မကျော်လွန်ပါကြောင်း၊ တောင်သူများ၏ ဝင်ငွေသည် ငှက်ပျောတန် ၁၀၀ လျှင် ပျမ်းမျှ ဘတ် ၂၉၂ ထိ တိုးတက်လာနိုင်ကြောင်း၊ ရွှေငှက်ပျောသည် အဓိက ပို့ကုန်သစ်သီးအမျိုးအစားများ ထဲမှတစ်ခုဖြစ်ပါကြောင်း၊ ၈၀ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံသို့တင်ပို့ပြီး ကျန်ပမာဏကို တရုတ်နှင့်ကမ္ဘောဒီးယားသို့ တင်ပို့ပါကြောင်း၊ ဂျပန်နိုင်ငံသည် နှစ်စဉ် ထိုင်းသစ်သီးတန်ချိန် ၈,၀၀၀ ကို ခွဲတမ်းဖြင့် တင်ပို့ခွင့်ပြုသော်လည်း အမှန်တကယ် တင်ပို့နိုင်မှုမှာ တစ်ဝက်မျှသာဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် တောင်သူများသည် ဂျပန်၏ တင်းကျပ်သောစံနှုန်းနှင့် ကိုက်ညီသည့် ငှက်ပျောများ မထုတ်လုပ်နိုင်သောကြောင့်ဖြစ်ကြောင်း၊ တောင်သူများသည် ပြည်တွင်း၌ ဈေးနှုန်းယှဉ်ပြိုင်နိုင်ပြီး ဝယ်လိုအား မြင့်တက်နေသဖြင့် ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်း၌ရောင်းချခြင်းကို ပိုမိုကြိုက်နှစ်သက်ကြောင်း သိရသည်။

**Source:** **www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားမှ သီဟိုဠ်စေ့တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်လာ

ဗီယက်နမ်နိုင်ငံသည် ၇ လတာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံမှ သီဟိုဠ်စေ့ကုန်ကြမ်း တင်သွင်းမှုပမာဏမှာ တန်ချိန် ၇၈၆,၅၃၀ ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်ရှိကြောင်း၊ ခုနစ်လတာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံမှ သီဟိုဠ်စေ့ထွက်ရှိမှု၏ ၉၅ ရာခိုင်နှုန်း နီးပါးရှိကြောင်း၊ ဗီယက်နမ်အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။ အဆိုပါကိန်းဂဏန်းများသည် ပမာဏအားဖြင့် ၃၄ ဒသမ ၁ ရာခိုင်နှုန်းခန့်တိုးလာပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ဖိုး ၂၆ ဒသမ ၃ ရာခိုင်နှုန်း သိသိသာသာ တိုးမြင့်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားမှ သီဟိုဠ်စေ့တင်သွင်းမှု အချိုးအစားမှာ ၄၇ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာသည်။ လက်ရှိတွင် ဗီယက်နမ်သည် သီဟိုဠ်စေ့ ထုတ်လုပ်မှုနှင့်တင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ကြောင်း၊ ရှစ်လတာကာလအတွင်း သီဟိုဠ်စေ့တန်ချိန် ၄၇၈,၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ပမာဏမှာ ၂၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သည် သီဟိုဠ်စေ့ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် သီဟိုဠ်စေ့ ကုန်ကြမ်းတင်သွင်းခြင်းအပေါ် အဓိကအားထားနေရကြောင်း၊ သီဟိုဠ်စေ့ကုန်ကြမ်းအား အများအားဖြင့် ကမ္ဘောဒီးယားမှ တင်သွင်းခြင်းဖြစ်ကြောင်း၊ မကြာသေးမီနှစ်များအတွင်း ကမ္ဘောဒီးယားသည် အာဖရိကနှင့်အတူ ပြည်တွင်း သီဟိုဠ်စေ့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ခဲ့ပြီး ကုန်ကြမ်းပမာဏ ဖြည်းဖြည်းချင်းလျှော့ချကာ တင်ပို့ခဲ့ကြောင်းဖော်ပြထားသည်။

ထို့ကြောင့် ဗီယက်နမ် သီဟိုဠ်စေ့အသင်းသည် နိုင်ငံ၏အနေအထားကို ကမ္ဘာ့ထိပ်တန်း သီဟိုဠ်စေ့တင်ပို့သူအဖြစ် ထိန်းသိမ်းထားရန်ကြိုးပမ်းရာတွင် ကုန်ကြမ်းရရှိရေး အရင်းအမြစ်များ သေချာစေရန်လိုအပ်ကြောင်း ပြည်တွင်းကုမ္ပဏီများကို အကြံပြုထားသည်။ ဗီယက်နမ်တွင် သီဟိုဠ်စေ့စိုက်ပျိုးဧရိယာ တိုးချဲ့ရန်ခက်ခဲမှုများကြောင့် ဗီယက်နမ်သီဟိုဠ်စေ့လုပ်ငန်းရှင်များအနေဖြင့် ကမ္ဘောဒီးယားနှင့်လာအိုတောင်ပိုင်းရှိ သီဟိုဠ်စိုက်ပျိုးဧရိယာများ ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုထားသည်။

**Source: VOV.VN**

**(ဒေါ်ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/

## STOCK EXCHANGE (13.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,650 (Shares) | 43,423,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 9,000 | 9,000 | 8,800 | 1,024 | 9,015,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,400 | 110 | 381,700 | 38,929,150 | 136,252 |
| MCB | 00003 | 9,000 | +200 | +2.27% | 8,900 | 9,000 | 8,900 | 6 | 53,500 | 10,400,986 | 93,609 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 112 | 207,200 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 413 | 1,156,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 827 | 1,411,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 46 | 211,600 | 10,497,598 | 48,289 |
| MAEX | 00008 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 112 | 386,300 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 12th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 413.90 | +1.73 | +0.42% | 413.92 | 415.11 | 410.41 | 2,650 | 12,823,100 | 8 | 780,698 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Sep. 2024

| Trading Volume | Trading Value |
|---|---|
| 11,750 (Shares) | 47,123,100 (MMK) |

### Main Board

As of 1:00 pm, 12th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,650 (Shares) | 43,423,100 (MMK) |

| MYANPIX | 413.90 ▲ 1.73 |
|---|---|
| Total Volume (shares) | 2,650 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 780,698 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 200 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 50 |

TIR